မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 17/ Issue 5/ May /2024*




*Who can find a virtuous woman? For her price is far above rubies.*

*She openeth her mouth with wisdom; and in her tongue is the law of kindness.*

*She looketh well to the ways of her household.*

*Her children arise up, and call her blessed; her husband also, and he praiseth her.*

*A woman that feareth the LORD, she shall be praised.*

*(Proverbs 31:1, 26, 27, 28 & 30)*

## May, 2024 Sunday Worship Programs




**May 5, 2024 … Holy Communion**

**May 12, 2024 … Mother's Day Worship Service**

**May 19, 2024 … Regular Sunday Worship Service**

**May 26, 2024 … Regular Sunday Worship Service**

**❖❖❖ To share our Worship Service podcasting at bcfla.org
May select image gallery tap for previous Worship Services.**

**★★★ BCF Food Fair**

**Date:- May 18, 2024 (Saturday)**
**Time:- 10 AM - 1:00 PM**
**Place:- Burmese Christian Church Coumpound**

---

| *Worship Place* | *Worship Service* |
|---|---|
| *Burmese Christian Fellowship* | *Sunday Worship (Sunday) 2:00 PM* |
| *1337 Farmstead Ave.* | *Sunday School (Sunday) 2:15 PM* |
| *La Puente, CA 91745* | |

*Bible Study …. Sunday 1:00-2:00 PM*

*Prayer Meeting …. Every Saturday, 2:00 PM*

# ဂုဏ်ပြုထိုက်သည့် မိခင်များ

'ပုခက်လွှဲသောလက်များ' ဟုတင်စားကာ အမွန်းတင်ခံရသော လက်များမှာ 'မိခင်'၏ လက်များပင် ဖြစ်ပါသည်။ သား/သမီး တို့ကို ကိုးလလွယ်၍ ဆယ်လတွင် မွေးဖွားပေးကြသော မိခင်တို့လက်များ၏ အစွမ်းကား စာကဗျာဖွဲ့ဆိုသော်လည်း မပြည့်စုံနိုင်ပါ။ သား/သမီး တို့ကို လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် လူ့လောကကြီးတွင် လူအများနှင့် ဝင်ဆန့်ရန်၊ ရင်ဆိုင်တွေ့ကြုံရမည့် လောကီရေးရာ အခက်အခဲ ပြဿနာများကို ကျော်လွှား၍ အောင်မြင်နိုင်ရန်၊ ပညာရဲရင့် ပွဲလယ်တင့်သော ဘဝမျိုးသို့ ရောက်ရှိရန်၊ သွန်သင်ဆုံးမ ပညာပေးခဲ့သော ကျေးဇူးရှင်မှာ 'မိခင်' များဖြစ်ပါသည်။ မိခင်သည် မိမိတို့၏ သားသမီးများကို ဆင်စီး၍မြင်းရံ သည်ကိုသာ မြင်ချင်ကြပါသည်။ ဤသည်ကား မိခင်တိုင်း၏ဆန္ဒ ဖြစ်ပါ၏။

သား/သမီး အများစုတို့မှာ မိစုံဖစုံနှင့် မိဘများတို့၏ မေတ္တာအရင်းခံ၍ အားပေးမှု၊ ထောက်ပံ့မှု၊ ပံ့ပိုးမှုများ ရရှိ၍၊ ကံကောင်းသူများဟု ခေါ်ဆိုနိုင်သော်လည်း အချို့ ကလေးသူငယ်များမှာ မိခင်ဖခင်၏စွန့်ပစ်ခြင်းကို ခံရကာ မိဘမဲ့အဖြစ်နှင့် တပါးသူ၏ မေတ္တာအရိပ်အောက်၌သာ ကြီးပြင်း လာရသူများလည်း မနည်းပါ။

သား/သမီး များအပေါ် ပြုရသည့် မိခင်များ၏ အိမ်ထောင်တာဝန်မှာ လွယ်မယောင်နှင့် အလွန်ခက်ခဲပါသည်။ ပုခက်လွှဲသော မိခင်တို့၏ လက်များမှာ ပျော့ပျောင်းနုနယ်လှပသော်လည်း သူတို့ ထမ်းဆောင် လွှဲခက်နေရသည့် တာဝန်မှာ အလွန်ပင် ကြီးမားလေးလံပါသည်။

ကျွန်မငယ်စဉ်က ကျွန်မ၏မိခင်သည် ကျွန်မအား စည်းကမ်းရှိ၍ ပညာတတ်သမီးအဖြစ် ကြီးပွားချမ်းသာသည်ကို မြင်တွေ့လို၍ စည်းကမ်းများ ချမှတ်ကာ ဆုံးမသွန်သင်မှု ပြုခဲ့ပါသည်။ ထိုအချိန်က အသက်အရွယ်ငယ်သေးသဖြင့် ကျွန်မအနေနှင့် မိခင်၏ဂုဏ်ကျေးဇူးကို မသိမမြင် ဖြစ်ခဲ့သည်မှာ အမှန်ပါ။ မိခင်ကိုချစ်သည်။ မိခင်ကိုတွယ်တာသည်။ မိခင်ကို နွဲ့ဆိုးကာပူဆာသည်။

သို့ရာတွင်၊ ယခုလို အရွယ်ရောက်၍ ကျွန်မကိုယ်တိုင် 'မိခင်' ဖြစ်လာသောအခါမှာ မိခင်၏ချစ်ခြင်းမေတ္တာ ကြီးမားပုံ၊ စည်းကမ်းရှိစေလို၍ သားသမီးများကို ကြီးပွားချမ်းသာစေလို၍ ပဲ့ပြင်သွန်သင် ဆုံးမမှုများ တို့ကို ပိုမို သိရှိနားလည် လာခဲ့ပါသည်။

အိမ်ထောင်စု တစ်ခုတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် ပုခက်လွှဲသောမိခင်လက်များသည် မည်မျှအရေးပါ အရာရောက်သည်ကို သိရှိနားလည်ကာ မိခင်အမျိုးသမီးများ အားလုံးကို ကျေးဇူးတင် ဂုဏ်ပြုထိုက်ကြောင်း တင်ပြပါသည်။ ။ မဆိုရှယ်(မော်တင်လိန်း)




# ဂုဏ်ပြုပါသည် ... အမေ

လမင်းသော်တာက
သူရိန်နေမင်း .. အရှိန်အဝါကြောင့်
သာယာစွာ .. လင်းနေရတာပါ။

သားသမီးတို့လည်း
အမေ့ကျေးဇူး .. အရင်းတည်၍
လူသူတစ်လုံး .. ဖြစ်လာရတာပါ။

ဂရုဏာတရား .. ရင်မှာပိုက်လို့
မေတ္တာတရား .. အားကိုးနဲ့
အကြင်နာတရား .. လက်တွေ့ပြကာ
အပဟန့်အတား .. ဟူသမျှ .. အမှုမထား
သူ့ရဲ့ကောင်းကြီးပမာ
ထိုးကွက်ကို တိုက်စစ်ဆင်နွဲတဲ့ .. အမေ။

သားသမီးတို့ .. ရင်ဆိုင်ခက်ခဲ
ကြုံရသော်လည်း
ကမ္ဘာကြီးကို .. ခါးစောင်းထက်တင်
တွန်းလှန်ဖြေရှင်းတဲ့.. အမေ။



သားသမီးတို့ .. အရွယ်လွန်မြောက်
ကြီးပြင်းသည့်တိုင် .. မငြိုငြင်နိုင်
ဖြူစင်စိတ်ထားတဲ့ .. အမေ။

အမေ့မေတ္တာ .. ဂရုဏာ
အမေ့အကြင်နာ .. အနစ်နာ
အမေ့စွမ်းရည် .. အမေ့ဂုဏ်နဲ့
အမေ့လက်ရာ .. အမေ့ကျေးဇူး
ပြုလေသမျှ .. အလုံးစုံကို
ရင်မှာလှိုက်လှဲ .. ဂုဏ်ပြုပါသည်။
အမေ .. ကြားသိပါစေ။

အမေရဲ့သမီးထွေး

## မိခင်များနေ့

မိခင်များနေ့သည် မိခင်များအားလုံးအတွက် အဘဘုရားသခင်ထံတော်မှာ ကောင်းကြီးတောင်းခံရန် နှင့် ဆုတောင်းခံရန်အတွက် အခွင့်ထူးရသောနေ့ ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ပြုစုပျိုးထောင်ရန်၊ သွန်သင်ဆုံးမရန်၊ အဖဘုရားသခင်ကို ကြည်ညိုသော ယုံကြည်သူခရစ်ယာန်သူများအဖြစ် ပုံသွင်းရန် ကျွန်ုပ်တို့အား မိခင်များ ပေးထားသည်။ မှန်ပါသည်၊ မိခင်တိုင်းသည် ပြီးပြည့်စုံကြသည် မဟုတ်သော်လည်း လူတိုင်းသည် မိခင်ထံမှ မွေးဖွားလာကြ၏။ သားသမီးတိုင်းလည်း အကြောင်းအမျိုးမျိုးကြောင့် မွေးမိခင်နှင့်အတူ ကြီးပြင်းမလာရချေ။ သို့သော်လည်း မွေးမိခင် နှင့် ကျွေးမိခင်များ အပြင် လူလားမြောက်အောင် ပြုစုစောင့်ရှောက်ပေးသော မိခင်နေရာမှာ အစားဝင်ရောက်တာဝန်ယူသူ မိခင်များလည်း ရှိကြ၏။ ထိုသူများတို့လည်း ဘုရားသခင်ပေးအပ်ထားသည့် အခန်းကဏ္ဍအတွက် ဂုဏ်ပြုချီးကျူးခြင်းကို ခံထိုက်သည်။ ဘုရားသခင်၏မေတ္တာတော်ကို နက်နဲသိမ်မွေ့သောနည်းဖြင့် ရောင်ပြန်ဟပ်စေသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်၍အစေခံသူများဖြစ်ကြပါသည်။

မိခင်များနေ့မှာ သူတို့၏နေ့စဉ်လုပ်ဆောင်သမျှအတွက် ကျေးဇူးတင်ကြောင်းကိုပြသရန် ဆုတောင်းပေးခြင်း၊ လက်ဆောင်များပေးခြင်း၊ ပွဲဖက်နမ်းခြင်း၊ တို့ဖြင့် မိခင်၏ချစ်ခြင်းမေတ္တာကို အသိအမှတ်ပေးဂုဏ်ပြုရန် အကောင်းဆုံးသောအချိန်ဖြစ်သည်။

## မိခင်များ (သို့) အမေများ အတွက် ဆုတောင်းချက်၊

ကောင်းကင်ဘုံ၌ရှိတော်မူသောအဘဘုရားသခင်၊

ဤလောက၌ အသက်ရှင်နေထိုင်သူ အယောက်စီတိုင်းအတွက် သက်ဆိုင်သူမိခင်များ ကပေးထားသောကြောင့် ကျေးဇူးအထူးတင်ရှိပါသည်။

ယနေ့တွင်၊ နိုင်ငံတော်မှသတ်မှတ်ထားသော မိခင်များနေ့ဖြစ်၍ ကျေးဇူးတော်ချီးမွမ်းရာ နေ့မြတ်ဖြစ်ပါ၏။ ကိုယ်တော်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းပြုပြင်ပေးထားသော ကမ္ဘာဦးမိခင် မှစ၍ မွေးဖွားလာသော သားသမီးများ တို့ကို ကျွေးမွေး ပြုစု စောင့်ရှောက်ခြင်း၊ သင်ကြား ပို့ချ လမ်းညွှန်ပေးခြင်း စသောအမှုတို့ကို မိခင်များ၏ မေတ္တာ စေတနာ အကြင်နာ နှင့် အနစ်နာခံမှု တို့ကို သားသမီးတို့ ဂုဏ်ပြုပါသည်။

မိခင်အပေါင်းတို့အား မေတ္တာဖြင့် ကောင်းချီးချပေးတော်မူပါ။ ကိုယ်တော်ရှင် ထံတော်ပါး မှလာသော ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ချစ်မေတ္တာတော်ဖြင့် သူတို့ကို လွှမ်းခြုံပေးတော်မူပါ။

အချို့သောမိခင်အများ တွေ့ကြုံခံစားနေရသော ဒုက္ခအခက်အခဲများကိုလည်း ဖြေရှင်းပေးတော်မူပါ ဘုရား။ မိခင်အများ နေ့စဉ် စိန်ခေါ်မှုများကို ဉာဏ်စွမ်းပညာဖြင့် ရဲစွမ်းသတ္တိ ရှိရှိ ရင်ဆိုင်နိုင်ရန် လမ်းပြတော်မူပါ။ မိခင်များသည် မိမိတို့၏ သားသမီးများကို ယုံကြည်ခြင်းမှ လွဲ၍ မသွားရန် နှုတ်ကပတ်တော်နှင့်အညီ သွန်သင်ပေးနိုင်သူများရန် မိခင်များ၏ နှုတ်၊ လျှာ၊ ပါးစပ်ကို ဘိတ်သိတ်ပေးတော်မူပါ။

ခဲယဉ်းဆိုးယုတ်နေသော ဤခေတ်ကာလကြီးတွင်၊ ငွေရေးကြေးရေး၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အဖက်ဖက်မှ ကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရသော မိခင်များတို့အတွက် ဆုတောင်းပါ၏။ ဘုရားသခင်ကို အစဉ်ယုံကြည်ကိုးကွယ် အားထားမှီခိုသူ အိမ်ထောင်မိသားစု တို့အပေါ် ကောင်းကြီးပေး၍ စောင့်ထိန်းတော်မပါမည့်အကြောင်း ယေရှုခရစ်တော်၏မြတ်နာမကို အမှီပြု၍ ဆုတာင်းပါ၏ ဘုရား။ … အာမင်။

**‘မိခင်များအားလုံး ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာ၊ ရှိကြပါစေ။**
**လိုအင်ဆန္ဒ ပြည့်ဝစုံလင် ကြပါစေ။’**




